Press Release

U.S. EMBASSY RANGOON

110 University Avenue, Kamayut Township, Rangoon, Burma

ချက်ချင်းထုတ်ပြန်ရန် မေ ၂၀၊ ၂၀၁၁

အရှေ့တောင်အာရှနှင့် ပစိဖိတ်ရေးရာ အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး၏ မြန်မာနိုင်ငံခရီးစဉ်

အရှေ့တောင်အာရှ နှင့် ပစိဖိတ်ရေးရာ အမေရိကန်လက်ထောက် နိုင်ငံခြားရေးဝန်ကြီး ဂျိုးဇက်ယွန်း၏ သုံးရက်ကြာ မြန်မာနိုင်ငံ အလည်အပတ်ခရီးစဉ်သည် ပြီးဆုံးသွားခဲ့ပါပြီ။ သူ၏ မေ ၁၈-၂၀ ခရီးစဉ်သည် ဂါရှင်တန် အခြေစိုက် အစိုးရတာဝန် ရှိ ပုဂ္ဂိုလ် တစ်ဦးက မြန်မာနိုင်ငံ ရွေးကောက်ပွဲလွန် အစိုးရခေါင်းဆောင်များနှင့် ပွဲဦးထွက်တွေ့ဆုံမှု ဖြစ်ပါသည်။ လက်ထောက် နိုင်ငံခြားရေးဝန်ကြီးယွန်း၏ ခရီးစဉ်သည် အမေရိကန်အစိုးရ၏ အစိုးရနှင့် အပြုသဘောဆောင် တိုက်ရိုက် ဆက်ဆံရေး ဆက်လက်ကြိုးပမ်းအားထုတ်မှုကို လည်းကောင်း၊ ဒီမိုကရေစီ နှင့် လူမျိုးစုခေါင်းဆောင်များ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ လူမှုရေးအဖွဲ့အစည်း ကိုယ်စားလှယ်များ အပါအဝင် ကျယ်ပြန့်သော လူပုဂ္ဂိုလ်များနှင့် ဆက်လက် ညှိနှိုင်း တိုင်ပင်ခြင်းကို လည်းကောင်း ထင်ဟပ်နေပါသည်။

သူ၏ အလည်အပတ်ခရီးစဉ်အတွင်း လက်ထောက်နိုင်ငံခြားရေးဝန်ကြီးယွန်းနှင့် အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးသစ်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် အပါအဝင် အဆင့်မြင့် အစိုးရတာဝန် ရှိ ပုဂ္ဂိုလ်များနှင့် မိတ်ဆက်တွေ့ဆုံခဲ့ပါသည်။ တွေ့ဆုံဆွေးနွေးမှုများတွင် လက်ထောက်နိုင်ငံခြားရေးဝန်ကြီးယွန်းက ချမှတ်ထားသော အပြုသဘောဆောင် ဆက်ဆံရေးမှတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်စေရန် အာသီသရှိကြောင်းကို ထပ်လောင်း ပြောကြားခဲ့ပါသည်။ ဤတိုးတက်ဖြစ်ထွန်းမှုသည် မြန်မာအစိုးရ၏ ဒီမိုကရေစီနည်းကျ အုပ်ချုပ်မှုဆီသို့ အဓိပ္ပာယ်ရှိရှိ၊ လက်ဆုပ်လက်ကိုင် ပြနိုင်အောင် ဆောင်ရွက်မှု၊ လူ့အခွင့်အရေးကို လေးစားလိုက်နာမှု၊ မြန်မာပြည်သူများ နှင့် နိုင်ငံတကာ အသိုက်အဝန်းက လိုလားလျက်ရှိသော နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးမှုတို့ အပေါ်တွင် တည်နေပါသည်။ မြန်မာနိုင်ငံ၏ မြောက်ကိုရီးယားနှင့် စစ်ရေးဆက်ဆံမှုများအပေါ် အမေရိကန်နိုင်ငံ၏ စိုးရိမ်မကင်းမှုကိုလည်း လက်ထောက်နိုင်ငံခြားရေး ဝန်ကြီးယွန်းက အသိပေးခဲ့ပြီး ဤကိစ္စရပ်နှင့် ပတ်သက်၍ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အပေါ် လူသိရှင်ကြား ထောက်ခံထားမှုအပေါ် အစိုးရက လေးစားလိုက်နာရန် ပန်ကြားခဲ့ပါသည်။

လက်ထောက်နိုင်ငံခြားရေးဝန်ကြီးယွန်းနှင့် အဖွဲ့သည် ဒေါ်အောင်ဆန်းစုကြည်၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ခေါင်းဆောင်များ အပါအဝင် ဒီမိုကရေစီလိုလားသူများ၊ လူမျိုးစုခေါင်းဆောင်များ နှင့် တွေ့ဆုံခဲ့ပါသည်။ လက်ထောက်နိုင်ငံခြားရေးဝန်ကြီးယွန်းနှင့် ဒေါ်အောင်ဆန်းစုကြည်တို့၏ ဆွေးနွေးပွဲတွင် မြန်မာပြည်သူအားလုံး လိုလားတောင့်တနေသည့် အားလုံးပါဝင်သော တွေ့ဆုံ ဆွေးနွေးမှုနှင့် အမျိုးသားရင်ကြားစေ့ရေးတို့ အကောင်အထည် ပေါ်လာစေရန် အကောင်းဆုံး မည်သို့ဆောင်ရွက်ကြမည်ကို ဆွေးနွေးခဲ့ကြပါသည်။